
Chin
The Land of Diversity

# ချင်းပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း

## ( ၂၀၂၁ - ၂၀၂၆ )

## ရေးဆွဲနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ



၂၁.၁.၂၀၂၁

ဟားခါးမြို့

# တင်ပြမည့် အချက်များ

- ချင်းပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း( ရည်ရွယ်ချက် )
- မျှော်မှန်းချက်
- ချင်းပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း
- ချင်းပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ(၁၁)ရပ်
- ချင်းပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(၂၀၂၀-၂၀၂၅) ရေးဆွဲနိုင်ရေး အကြို အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း
- ချင်းပြည်နယ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(၂၀၂၀-၂၀၂၅)
- MTSRR ပြဌာန်းခြင်း
- ခရီးသွားလုပ်ငန်းကော်မတီ မှ Regional Action Plan အတွက် အကြံပြုချက်များ

# ရေးဆွဲဆောင်ရွက်နေသော

# ချင်းပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း

# ( ၂၀၂၀ - ၂၀၂၅ )







# ရည်ရွယ်ချက်

- ချင်းပြည်နယ် ခရီးသွားလုပ်ငန်း စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ ချမှတ်နိုင်ခြင်း၊
- ပြည်နယ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များကို ပြည်သူထံချပြဆွေးနွေးခြင်း၊
- စီမံကိန်းလုပ်ငန်းစဉ်များအပေါ် အခြေခံ၍ ဒေသန္တရအဆိုပြုစီမံကိန်း (Budget Plan) များ ရေးဆွဲနိုင်ခြင်း၊
- နိုင်ငံတကာအကူအညီများ၊ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံလိုသူများကို ဖိတ်ခေါ်နိုင်ခြင်း၊
- ဝန်ကြီးဌာနမှ ပြန်လည်ရေးဆွဲမည့် Myanmar Tourism Master Plan ၌ ချင်းပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လိုသည့် စီမံကိန်းများ အဆိုပြု တင်သွင်းနိုင်ရန် အဆင့်သင့်ရှိနေနိုင်ခြင်း

# မျှော်မှန်းချက်

**ခရီးသွားလုပ်ငန်းဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်သော ချင်းပြည်နယ်၏ လူမှုစီးပွား အသိုက်အဝန်းဆီသို့ (Towards the Chin State's Sustainable Socio-economic development by Tourism Industry)**



# ချင်းပြည်နယ် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း

- International Trade Center (ITC) ၏ ကူညီပံ့ပိုးမှုဖြင့် Dr. Nicole Hausler နှင့် Daw Winnie တို့မှ အလုပ်ရုံဆွေးနွေးပွဲ(၂)ကြိမ်ကျင်းပခဲ့ပြီး သင်တန်းပို့ချခဲ့ပါသည်။
- စွမ်းရည်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲ (ပထမအကြိမ်)ကို (၂၉-၃၀. ၄. ၂၀၁၉) နှင့် (၂-၃. ၅. ၂၀၁၉) ရက်နေ့များတွင် ကျင်းပခဲ့ပါသည်။
- စွမ်းရည်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲ (ဒုတိယအကြိမ်)ကို (၂၆-၂၇. ၈. ၂၀၁၉) ရက်နေ့များတွင် ကျင်းပခဲ့ပါသည်။
- အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ(၂)ခုသို့ ချင်းပြည်နယ် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဌာနဆိုင်ရာ အကြီးအကဲများ စုစုပေါင်း လူဦးရေ (၅၄) ဦးတက်ရောက်ခဲ့ကြပါသည်။





# ချင်းပြည်နယ် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ(၁၁)ရပ်

၁။ ယဉ်ကျေးမှု သမိုင်းအမွေအနှစ်နှင့် ရိုးရာဓလေ့များ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ရေရှည်တည်တံ့ ဖွံ့ဖြိုးရေးအတွက် စီမံကိန်းများ ရေးဆွဲ စီမံခန့်ခွဲရေး

၂။ ဒေသဆိုင်ရာ ရိုးရာပွဲတော်များ နှင့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို မြှင့်တင်သော တောင်တက် ခရီးစဉ်များကို ဖော်ထုတ်ခြင်း

၃။ သဘာဝပတ်ဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းခြင်းအတွက် အထောက်အကူပြုသော သဘာဝအခြေခံ ခရီးသွားလုပ်ငန်း စီမံခန့်ခွဲမှု အစီအစဉ်များ ပေါ်ထွန်းလာစေရေး

၄။ ခရီးသွားလုပ်ငန်းဝန်ဆောင်မှု(ထုတ်ကုန်)၊ ခရီးစဉ်ဒေသအသစ်(CBT/CIT)နှင့် ဧည့်သည်များအတွက် အတွေ့အကြုံကောင်းများ ဖွံ့ဖြိုးတိုးတက်ရေး

၅။ ဒေသ၏ ပတ်ဝန်းကျင်နှင့်ကိုက်ညီသော ဟိုတယ်နှင့်တည်းခိုရိပ်သာများနှင့် ကျေးရွာနေအိမ်များတွင် တည်းခိုနေထိုင်သည့် အစီအမံများ ပေါ်ထွန်းလာစေရေး စီမံခန့်ခွဲခြင်း






၆။ ဒေသဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များတွင် ဒေသခံလူမှုအသိုက်အဝန်းများ၏ အခွင့်အလမ်းများကို အားကောင်းစေရေး

၇။ လူ့စွမ်းအားအရင်းအမြစ် နှင့် နည်းပညာကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး

၈။ ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အဦများ နှင့် မြေယာစီမံခန့်ခွဲမှု ဖွံ့ဖြိုးတိုးတက်ရေး

၉။ ဒေသခံများ၏ လူမှုစီးပွားအဆင့်အတန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ပေးသော ပြည်တွင်း နှင့် ပြည်ပမှ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သော ရင်းနှီးမြှုပ်နှံမှုများ၊ ငွေကြေးနှင့် နည်းပညာ အကူအညီများကို ရယူနိုင်စေရေး

၁၀။ ဈေးကွက်ရှာဖွေရေးနှင့် ဈေးကွက်မြှင့်တင်ရေး

၁၁။ လူမှုဘဝနှင့် သဘာဝပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လွှတ်တော်၊ အစိုးရ၊ ဒေသခံလူမှုအဖွဲ့ဝင်များ နှင့် သုတေသီများ စသည့် ပူးပေါင်းပါဝင်နေသူများအကြား ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရေး



# ချင်းပြည်နယ် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (၂၀၂၀-၂၀၂၅)ရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း




## ဖလမ်းမြို့

- (၃၀.၇.၂၀၁၉) ရက်နေ့တွင် ဖလမ်းမြို့ရှိ မြို့နယ်ခန်းမ၌ ကျင်းပခဲ့ပါသည်။
- လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသတွင်း လူမှုအဖွဲ့အစည်းများ နှင့် မြို့မိမြို့ဖများ စုစုပေါင်း (၁၁၂) ဦး တက်ရောက် ဆွေးနွေးခဲ့ကြပါသည်။
- အဆိုပါ ဆွေးနွေးပွဲမှ ဖလမ်းဒေသ ခရီးသွားလုပ်ငန်းအတွက် အဆိုပြုလုပ်ငန်းစဉ် ( ၁၅ )ခုကို ဖော်ထုတ်ရရှိခဲ့ပါသည်။
- အဆိုပြုလုပ်ငန်းစဉ်(၁၅)ခုကို ဆောင်ရွက်ရန် ခန့်မှန်းကုန်ကျစရိတ် ကျပ်(၁,၈၄၅)သန်း ဖြစ်ပါသည်။

# တီးတိန်မြို့



- (၂.၈.၂၀၁၉) ရက်နေ့တွင် တီးတိန်မြို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ ၌ ကျင်းပခဲ့ပါသည်။
- လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသတွင်း လူမှုအဖွဲ့အစည်းများ နှင့် မြို့မိမြို့ဖများ စုစုပေါင်း (၆၈) ဦး တက်ရောက် ဆွေးနွေးခဲ့ကြပါသည်။
- အဆိုပါ ဆွေးနွေးပွဲမှ တီးတိန်ဒေသ ခရီးသွားလုပ်ငန်းအတွက် အဆိုပြုလုပ်ငန်းစဉ် ( ၁၉ )ခုကို ဖော်ထုတ်ရရှိခဲ့ပါသည်။
- အဆိုပြုလုပ်ငန်းစဉ်(၁၉)ခုကို ဆောင်ရွက်ရန် ခန့်မှန်းကုန်ကျစရိတ် ကျပ်(၁,၁၄၉)သန်း ဖြစ်ပါသည်။

# ကန်ပက်လက်မြို့

- (၆.၈.၂၀၁၉) ရက်နေ့တွင် ကန်ပက်လက်မြို့ရှိ Pine Wood Villa Hotel ၌ ကျင်းပခဲ့ပါသည်။
- လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသတွင်း လူမှုအဖွဲ့အစည်းများ မြို့မိမြို့ဖများ နှင့် ဒေသခံညှော်လမ်းညွှန်များ စုစုပေါင်း (၆၄) ဦး တက်ရောက် ဆွေးနွေးခဲ့ကြပါသည်။
- အဆိုပါ ဆွေးနွေးပွဲမှ ကန်ပက်လက်ဒေသ ခရီးသွားလုပ်ငန်းအတွက် အဆိုပြုလုပ်ငန်းစဉ် ( ၂၂ ) ခု ကို ဖော်ထုတ်ရရှိခဲ့ပါသည်။
- အဆိုပြုလုပ်ငန်းစဉ်(၂၂)ခုကို ဆောင်ရွက်ရန် ခန့်မှန်းကုန်ကျစရိတ် ကျပ်(၂,၆၂၅)သန်း ဖြစ်ပါသည်။



# မင်းတပ်မြို့



- (၉.၈.၂၀၁၉) ရက်နေ့တွင် မင်းတပ်မြို့ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။
- လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသတွင်း လူမှုအဖွဲ့အစည်းများ မြို့မိမြို့ဖများ နှင့် ဒေသခံညှော်လမ်းညွှန်များ စုစုပေါင်း (၁၂၁) ဦး တက်ရောက် ဆွေးနွေးခဲ့ကြပါသည်။
- အဆိုပါ ဆွေးနွေးပွဲမှ မင်းတပ်ဒေသ ခရီးသွားလုပ်ငန်းအတွက် အဆိုပြုလုပ်ငန်းစဉ် ( ၃၅ )ခုကို ဖော်ထုတ်ရရှိခဲ့ပါသည်။
- အဆိုပြုလုပ်ငန်းစဉ်(၃၅)ခုကို ဆောင်ရွက်ရန် ခန့်မှန်းကုန်ကျစရိတ် ကျပ်(၉,၇၄၀)သန်း ဖြစ်ပါသည်။

## ဟားခါးမြို့




- (၂၈-၂၉. ၈. ၂၀၁၉) ရက်နေ့များတွင် ဟားခါးမြို့ရှိ Carson Hall ၌ ကျင်းပခဲ့ပါသည်။
- ချင်းပြည်နယ်ဝန်ကြီးချုပ်၊ဝန်ကြီးများ၊လွှတ်တော်ကိုယ်စားလှယ်များ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန (နေပြည်တော်)နှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသတွင်း လူမှုအဖွဲ့အစည်းများ မြို့မိမြို့ဖများ နှင့် ဒေသခံ ဧည့်လမ်း ညွှန်များ စုစုပေါင်း (၁၀၀) ဦး တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။
- အဆိုပါ ဆွေးနွေးပွဲမှ ဟားခါးဒေသနှင့် ချင်းပြည်နယ် ခရီးသွားလုပ်ငန်းအတွက် အဆိုပြုလုပ်ငန်းစဉ် ( ၃၀ )ခု ကို ဖော်ထုတ်ရရှိခဲ့ပါသည်။
- အဆိုပြုလုပ်ငန်းစဉ်(၃၀)ခုကို ဆောင်ရွက်ရန် ခန့်မှန်းကုန်ကျစရိတ် ကျပ်(၁,၆၅၀)သန်း ဖြစ်ပါ သည်။

# MSDP Myanmar Sustainable Development Plan ပါ လုပ်ငန်းစဉ်များ

| ရည်ညွှန်း နံပါတ် | လုပ်ငန်းစဉ်များ | မဟာဗျူဟာ ရလဒ်များ | သက်ဆိုင်သည့် အဖွဲ့အစည်းများ | သက်ဆိုင်သည့် စီပွားရေး မူဝါဒ | သက်ဆိုင်သည့် SDG ရည်မှန်းချက် |
|---|---|---|---|---|---|
| ၅.၆.၈ | ပြည်သူများ၏ လူမှု ယဉ်ကျေးမှု ဘဝ နှင့် စီးပွားရေးဖွံ့ဖြိုးမှုများကို အထောက်အကူပြုနိုင်သည့် ခရီးသွားကဏ္ဍအား ရေရှည်တည်တံ့အောင်တိုးချဲ့ ဆောင်ရွက်ခြင်းကို အလေးပေးထားသည့် ဘက်စုံပါဝင်သော ပြုပြင်ပြောင်းလဲမှုများအား အကောင်အထည် ဖော်ရန် | အားလုံး အကျိုးဝင်သော တိုးတက်မှုဖြစ်လာစေရန် ရေရှည်တည်တံ့သော ကုန်သွယ်မှု နှင့် ရင်းနှီးမြှုပ်နှံမှုအတွက် ခိုင်မာ အားကောင်းသည့် ပတ်ဝန်းကျင် တစ်ရပ် ဖြစ်ပေါ်လာခြင်း | ဟိုတယ်/ခရီး | မူဝါဒ ၆ | SDG ၈ ၊ ၉ |
| ၅.၆.၁၀ | ယဉ်ကျေးမှု နှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ခရီးသွားလုပ်ငန်း နှင့် သက်ဆိုင်သော တန်ဖိုးမြင့်ဝန်ဆောင်မှုလုပ်ငန်းများကဲ့သို့သော တီထွင်ဖန်တီးမှုနှင့် ယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ လုပ်ငန်းများကို ဖော်ဆောင်၍ ကာကွယ်ပေးခြင်း | အားလုံး အကျိုးဝင်သော တိုးတက်မှုဖြစ်လာစေရန် ရေရှည်တည်တံ့သော ကုန်သွယ်မှု နှင့် ရင်းနှီးမြှုပ်နှံမှုအတွက် ခိုင်မာ အားကောင်းသည့် ပတ်ဝန်းကျင် တစ်ရပ် ဖြစ်ပေါ်လာခြင်း | ဟိုတယ်/ခရီး | မူဝါဒ ၆ | SDG ၈ ၊ ၉ |


# ချင်းပြည်နယ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (၂၀၂၀-၂၀၂၅) အား MTSRR နှင့် ကိုက်ညီအောင် ပြင်ဆင်ရေးဆွဲခြင်း

ချင်းပြည်နယ်ခရီးသွားလုပ်ငန်းမျှော်မှန်းချက်

မဟာဗျူဟာ (၁၁) ချက်

လုပ်ငန်းကဏ္ဍ (၁၇ ) ရပ်

နယ်မြေ(၅)ခု၏ လုပ်ငန်းစဉ်ပေါင်း ( ၁၂၁)ခု





## Myanmar Tourism Strategic Recovery Roadmap (၂၀၂၁-၂၀၂၅)

Myanmar Covid-19 Economic Relief Plan ပေါ် အခြေခံ ရေးဆွဲခဲ့


ခရီးသွားလုပ်ငန်းမျှော်မှန်းချက် ( Our Tourism Vision for Myanmar)


မဟာဗျူဟာ (၁၈) ချက် (Strategies)

အသေးစိတ်လုပ်ဆောင်ချက် (၉၃) ချက် ( Action Plans)



# Myanmar Tourism Strategic Recovery Roadmap ရေးဆွဲ ထုတ်ပြန်မှု





| Recover ပြန်လည်ထူထောင်ရန် | Reset ပြန်လည်ဖွဲ့စည်းရန် | Restart ပြန်လည်စတင်ရန် |
|---|---|---|
| လတ်တလော ဦးစားပေး | ကာလလတ် | ကာလရှည် |

# Myanmar Tourism Strategic Recovery Roadmap
# (၂၀၂၁-၂၀၂၅)



# မြန်မာနိုင်ငံခရီးသွားကဏ္ဍပြန်လည်ထူထောင်ရေးလမ်းပြမြေပုံ (၂၀၂၁-၂၀၂၅ )

# ကိုးကားရေးဆွဲသွားနိုင်ရန် လမ်းညွှန်ချက်များ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ခရီးသွားလုပ်ငန်းကော်မတီ

စာအမှတ်၊ ခရီးသွား/လုပ်ငန်း/ ၀၀၅
ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ(၁၈)ရက်

သို့

ဥက္ကဋ္ဌ
ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ
နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး

အကြောင်းအရာ။ **ခရီးစဉ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး Regional Action Plan များ ရေးဆွဲနိုင်ရေးအတွက် နမူနာပေးပို့ခြင်းကိစ္စ**

၁။ ခရီးစဉ်ဒေသများတွင် ခရီးသွားလုပ်ငန်းများ စနစ်တကျနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့များကို ဖွဲ့စည်းထားရှိပြီးဖြစ်ပါသည်။ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့များအနေဖြင့် COVID-19ကာလအလွန်ခရီးသွားလုပ်ငန်းများ စနစ်တကျနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် Regional Action Plan များရေးဆွဲရန် ၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ(၂၃)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ခရီးသွားလုပ်ငန်းကော်မတီ၏ (၃/၂၀၂၀)ကြိမ်မြောက် အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံခရီးသွားကဏ္ဍပြန်လည်ထူထောင်ရေးလမ်းပြမြေပုံ(၂၀၂၁-၂၀၂၅)ပါ လတ်တလော၊ ကာလလတ်၊ ကာလရှည် ဦးစားပေးဆောင်ရွက်ရမည့်အချက်များနှင့်အညီ ရေးဆွဲထားသည့် Action Plan (နမူနာ)အား မိမိတို့ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များအလိုက် လိုအပ်ချက်များနှင့်အညီထည့်သွင်းကိုးကားရေးဆွဲသွားနိုင်ရေးအတွက် ပူးတွဲပါအတိုင်း ပေးပို့အပ်ပါသည်။

ပူးတွဲ
ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေး Action Plan (နမူနာ)

18/1/21

ဥက္ကဋ္ဌ(ကိုယ်စား)
တင်လတ်၊ အတွင်းရေးမှူး

မိတ္တူကို
ညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန
တာဝန်ခံ၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး
ရုံးလက်ခံ/မျော

**ခရီးသွားလုပ်ငန်းကော်မတီ ၊ နေပြည်တော် (၃/၂၀၂၀) အစည်းအဝေး ဆုံးဖြတ်ချက်**

# ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ DMO အတွက် အဆိုပြုသော မဟာဗျူဟာများ

- ခရီးစဉ်ဒေသများရှိ အခြေခံအဆောက်အဦနှင့် ဆက်သွယ်သွားလာမှုအရည်အသွေး တိုးမြှင့်ခြင်း
- အလားအလာရှိသည့် ခရီးစဉ်ဒေသများတွင် ခရီးသွားထုတ်ကုန်/ ဆွဲဆောင်မှု ရှာဖွေဖော်ထုတ်ခြင်း
- လူ့စွမ်းအားအရင်းအမြစ်နှင့် နည်းပညာကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများ ဖွင့်လှစ်ခြင်း
- ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းတွင် ပါဝင်ပတ်သက်သူများ ပူးပေါင်း ဆောင်ရွက်မှုမြှင့်တင်ခြင်း
- ခရီးသွားလုပ်ငန်းဆိုင်ရာ စာရင်းအချက်အလက်များ စနစ်တကျ ကောက်ယူခြင်း
- ဒေသတွင်းခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ပုံငွေ တည်ထောင်ခြင်း
- ဈေးကွက်ရှာဖွေခြင်းနှင့် ဈေးကွက်မြှင့်တင်ခြင်းများဆောင်ရွက်ခြင်း
- ရေရှည်တည်တံ့ခိုင်မြဲသော ခရီးစဉ်ဒေသဖြစ်အောင်ဆောင်ရွက်ခြင်း

# ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့များမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ အဆိုပြုချက်များ( မူကြမ်း)

| စဉ် | မဟာဗျူဟာ | လုပ်ငန်းစဉ် | ဆောင်ရွက်ရမည့်လုပ်ငန်းများ |
|---|---|---|---|
| ၁။ | ခရီးစဉ်ဒေသများရှိအခြေခံအဆောက်အဦ နှင့်ဆက်သွယ်သွားလာမှုအရည်အသွေး တိုးမြှင့်ခြင်း | ၁.၁ | ခရီးစဉ်ဒေသများအတွင်း ခရီးသွားဧည့်သည်ဝင်ရောက်မှုအများဆုံးဖြစ်သည့် Information Counter ကိုအဆင့်မြှင့်တင်ခြင်း၊ Digital Concierge နှင့် Wifi စနစ်တပ်ဆင်ခြင်း၊ အဆောက်အဦ Facilities များတိုးမြှင့်ခြင်း၊ ခရီး စဉ်ဒေသများတွင်ခရီးသွားဧည့်သည်များဘေးကင်း လုံခြုံရေး အတွက် CCTV ကင်မရာများ တပ်ဆင်ခြင်း၊ ခရီးသွားလုပ်ငန်းတိုးတက်လာသည့် ဒေသများတွင် အများသုံးအိမ်သာများ တည်ဆောက်ခြင်း၊ လမ်းညွှန်ဆိုင်းဘုတ်များ ရေးဆွဲခြင်း၊ အမှိုက်စွန့်ပစ် ရန်နေရာများသတ်မှတ်ခြင်း၊<br>**MTSRR တွင် ပါဝင်သည့် ဆောင်ရွက်ချက်များ**<br>၃.၁ အများပြည်သူသို့ သတင်းအချက် အလက်များဖြန့်ဝေမှု ပိုမိုကောင်းမွန်လာစေရန်နှင့် အလားအလာ ရှိသော ခရီးသွား ဧည့်သည်များအတွက် ထိရောက်မှုရှိသော သတင်းအချက်အလက်များကိုပေးရန်။ (လတ်တလောဦးစားပေး)<br>၃.၂ ဈေးကွက်မြှင့်တင်ခြင်းနှင့် ဆက်သွယ်ပြောဆိုဆောင်ရွက်ခြင်းလုပ်ငန်းများအတွက် တိကျသေချာ သော သတင်းအချက်အလက်များ စုစည်းဖြန့်ဝေပေးရန်။(လတ်တလောဦးစားပေး) |
| | | ၁.၂ | ကိုယ်လက်အင်္ဂါမသန်စွမ်းသူများအတွက် Accessible Tourism ဖော်ဆောင်ရန် သက်ဆိုင်ရာ အဖွဲ့အစည်းများ နှင့်ပေါင်းစပ်၍ လူအများစု သွားလာသော ခရီးစဉ်ဒေသ များတွင် Wheelchair များပံ့ပိုး ပေးခြင်း၊ Wheelchair လမ်းကြောင်းများ ဖော်ဆောင်ခြင်း၊ မသန်စွမ်းသူများ အသုံးပြု နိုင်သည့် အများသုံး အိမ်သာများ တည်ဆောက် ခြင်း၊<br>**MTSRR တွင် ပါဝင်သည့် ဆောင်ရွက်ချက်များ**<br>၄.၁ ခရီးသွားလုပ်ငန်းဝန်ဆောင်မှုများနှင့် ဆွဲဆောင်မှုများကို ပြည်တွင်းခရီးသွားဈေးကွက်နှင့် လိုက်လျော ညီထွေဖြစ်အောင်ဆောင်ရွက်ခြင်းဖြင့် ခရီးသွားဧည့်သည်များအတွက် ပိုမို ကောင်းမွန် သော အတွေ့အကြုံများကိုဖန်တီး ပေးရန်။ (လတ်တလောဦးစားပေး) |
| | | ၁.၃ | Online Guest List Management စနစ်ကို www.visitnle.com နှင့် ချိတ်ဆက်၍ ပိုမို ထိရောက်စွာ စာရင်းရေးသွင်းခြင်းစနစ် ဖော်ဆောင်ခြင်း၊ |

| | | | |
|---|---|---|---|
| | | | **MTSRR တွင် ပါဝင်သည့် ဆောင်ရွက်ချက်များ**<br>၁.၄ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် ခရီးသွားခြင်းများနှင့်ပတ်သက်သော နောက်ဆုံးရသတင်း အချက်အလက်များကို အများပြည်သူသိရှိစေရေးထုတ်ပြန်နိုင်ရန်အတွက် သတင်းအချက်အလက်များ ကောက်ယူခြင်းစနစ်ပိုမိုတိုးတက်ကောင်းမွန်စေရေးဆောင်ရွက်ရန်။ (လတ်တလောဦးစားပေး) |
| | | ၁.၄ | ဌာနမှလိုင်စင်ရယူထားသော ဟိုတယ်/ တည်းခို ရိပ်သာများ၊ ခရီးလှည့်လည်ရေးကုမ္ပဏီများ၊ ဧည့်လမ်းညွှန်များ၏ အချက်အလက်များကို Database ဖြင့်မှတ်တမ်းတင်ခြင်း၊ လိုင်စင်ကဒ် ပြားတွင် QR code ထည့်သွင်းခြင်း၊<br>**MTSRR တွင် ပါဝင်သည့် ဆောင်ရွက်ချက်များ**<br>၁.၂ ခရီးစဉ်ဒေသများ၌ တည်းခိုနေထိုင်ရေး၊ လှည့်လည်သွားလာရေးနှင့် အခြားဝန်ဆောင်ပေးမှုဆိုင်ရာ ကြိုတင်မှုကြားခြင်း စသည်တို့ကို အွန်လိုင်း (online) မှ လုပ်ကိုင် ဆောင်ရွက်နိုင်ရန်အတွက် MSMEs များကို အကူအညီပေးရန်။ (လတ်တလောဦးစားပေး) |
| | | ၁.၅ | Onlineဖြင့် ခရီးသွားလုပ်ငန်းလိုင်စင် လျှောက်ထား ခြင်း/ ခွင့်ပြုခြင်းစနစ်သို့ ပြောင်းလဲခြင်း၊<br>**MTSRR တွင် ပါဝင်သည့် ဆောင်ရွက်ချက်များ**<br>၁.၂ ခရီးစဉ်ဒေသများ၌ တည်းခိုနေထိုင်ရေး၊ လှည့်လည်သွားလာရေးနှင့် အခြားဝန်ဆောင် ပေးမှုဆိုင်ရာ ကြိုတင်မှုကြားခြင်း စသည်တို့ကို အွန်လိုင်း (online) မှ လုပ်ကိုင် ဆောင်ရွက်နိုင်ရန်အတွက် MSMEs များကို အကူအညီပေးရန်။ (လတ်တလောဦးစားပေး) |
| | | ၁.၆ | ခရီးစဉ်ဒေသများသို့ ခရီးသွားဧည့်သည်များ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် အခြေခံအဆောက်အဦးများ ပေါ်များလာစေရန် နှင့် ဒေသခံများ လူနေမှုအဆင့်အတန်း မြင့်မား လာစေခြင်း၊ ခရီးသည်များ ကျန်းမာရေးနှင့် ဘေး ကင်းလုံခြုံရေးအတွက် ကျန်းမာရေး အဆောက်အအုံနှင့် အရေးပေါ် လုပ်ထုံးလုပ်နည်းများ မြှင့်တင်နိုင်အောင်ဆောင်ရွက်ခြင်း၊<br>**MTSRR တွင် ပါဝင်သည့် ဆောင်ရွက်ချက်များ**<br>၅.၁ COVID 19 ကပ်ရောဂါအတွက် ဧည့် ဝန် ဆောင်မှုလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်း များမှ ဝန်ထမ်းများကို အသင့်ပြင်ဆင်ထား နိုင်ရေးသင်တန်းများပေးရန်။(လတ်တလောဦးစားပေး)<br>၁.၄ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် ခရီးသွားခြင်းများနှင့်ပတ်သက်သော နောက်ဆုံးရ သတင်း |

| | | | |
|---|---|---|---|
| | | | အချက်အလက်များကို အများပြည်သူသိရှိစေရေးထုတ်ပြန်နိုင်ရန်အတွက် သတင်းအချက်အလက်များ ကောက်ယူခြင်းစနစ်ပိုမိုတိုးတက်ကောင်းမွန်စေရေးဆောင်ရွက်ရန်။ (လတ်တလောဦးစားပေး)<br>၃.၁ အများပြည်သူသို့ သတင်းအချက် အလက်များဖြန့်ဝေမှု ပိုမိုကောင်းမွန်လာစေ ရန်နှင့် အလားအလာရှိသော ခရီးသွား ဧည့်သည်များအတွက် ထိရောက်မှုရှိသော သတင်းအချက်အလက်များကိုပေးရန်။<br>(လတ်တလောဦးစားပေး) |
| | | ၁.၇ | ခရီးစဉ်ဒေသအချို့တွင် လည်ပတ်သွားလာနိုင်ရေးအတွက် စက်ဘီးများ၊ ဘက်ထရီစက်ဘီးများ၊ ဘက်ထရီဆိုင်ကယ်များ ငှားရမ်း ဝန်ဆောင်မှုများအား လုပ်ဆောင်ရန် ဆောင်ရွက်ခြင်း၊<br>**MTSRR တွင် ပါဝင်သည့် ဆောင်ရွက်ချက်များ**<br>၂.၃ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေသောအခြေခံအလုပ်သမားများကို အကူအညီပေးရန် (ဥပမာ-ခေါင်းရွက်ဗျပ်ထိုးဈေးသည်၊ ဆိုက်ကားသမားများ၊ မြင်းလှည်းသမားများ)။<br>(လတ်တလောဦးစားပေး) |
| | | ၁.၈ | ခရီးသွားဧည့်သည်များအတွက် Rest Camp နှင့် စားသောက်ဆိုင်များ၊ အမှတ်တရပစ္စည်းဆိုင်များ၊ ယာဉ်ရပ်နားရန်နေရာများ တည်ဆောက်ခြင်း၊ |
| | | ၁.၉ | ဒေသထုတ်ကုန်၏ ကွင်းဆက်တန်ဖိုးများနှင့် ထုတ်ကုန် တန်ဖိုးအမြင့်ဆုံးရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ခြင်း၊<br>**MTSRR တွင် ပါဝင်သည့် ဆောင်ရွက်ချက်များ**<br>၉.၃ ခရီးသွားလုပ်ငန်းနှင့် ဆက်နွယ်ပတ်သက်သော ကုန်စည်စီးဆင်းမှုလမ်း ကြောင်း (Supply Chains) များခိုင်မာအောင် ဆောင်ရွက်ရန်။(ကာလလတ်ဦးစားပေး) |
| ၂။ | အလားအလာရှိသည့်ခရီးစဉ်ဒေသများတွင် ခရီးသွားထုတ်ကုန်/ဆွဲဆောင်မှုရှာဖွေဖော်ထုတ်ခြင်း | ၂.၁ | ခရီးစဉ်ဒေသများတွင် ရိုးရာပွဲတော်များ ဖော်ထုတ် ကျင်းပပေးခြင်း၊ ရိုးရာယဉ်ကျေးမှုအဆို၊အက၊ အရေးအတီးများ ဖော်ထုတ်ခြင်း၊ ခရီးစဉ်ဒေသအလိုက် ပွဲတော်များ၏ အချက်အလက်များ စုစည်း၍ ပွဲတော်ပြက္ခဒိန် (Festival Calendar) ပြုလုပ်ခြင်းနှင့် အဆိုပါပွဲတော်များအား ရာသီအလိုက်၊ ဒေသအလိုက် ကျင်းပခြင်း၊ |

| | | | |
|---|---|---|---|
| | | | **MTSRR တွင် ပါဝင်သည့် ဆောင်ရွက်ချက်များ**<br>၈.၁ ခရီးသွားလုပ်ငန်း ဝန်ဆောင်မှုနှင့် ဆွဲဆောင်မှုအသစ်များဖော်ထုတ်ရန်။ (ကာလလတ်ဦးစားပေး)<br>၈.၃ ပတ်ဝန်းကျင်နိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ခရီးစဉ်ဒေသများအား ဖော်ထုတ်၍ ခရီးသွား မြှင့်တင်ရန်။ (ကာလလတ်ဦးစားပေး)<br>၈.၄ ပြည်တွင်းလေယာဉ်ခ နှုန်းထားများ ပြောင်းလဲသတ်မှတ်ရန်နှင့် ဆန္ဒအလျောက် ထည့်ဝင်လိုသော ငွေကြေးကောက်ခံမှုစနစ်ကို ဖော်ဆောင်ပေးခြင်းဖြင့်မြန်မာနိုင်ငံတွင် နေထိုင်အလုပ်လုပ်ကိုင်နေသော နိုင်ငံခြားသားများ၏ ပြည်တွင်းခရီးသွားလာခြင်းကို အားပေးရန်၊ ထို့အပြင် မြန်မာနိုင်ငံ၏ နယ်စပ်ဂိတ်များဖွင့်လှစ်သည့်အခါ နိုင်ငံတကာခရီးသွားဧည့်သည်များအတွက် ခရီးသွားကုန်ကျစရိတ်များ လျှော့ကျစေရေးဆောင်ရွက်ရန်။ (ကာလလတ်ဦးစားပေး) |
| | | ၂.၂ | လူထုအခြေပြုခရီးသွားလုပ်ငန်း၊ သဘာဝနှင့်ယဉ်ကျေးမှုကို အခြေခံသည့်ခရီးသွားလုပ်ငန်းနှင့် အားကစား ခရီးသွားလုပ်ငန်းများ ရှာဖွေဖော်ထုတ်ခြင်း၊<br>**MTSRR တွင် ပါဝင်သည့် ဆောင်ရွက်ချက်များ**<br>၈.၁ ခရီးသွားလုပ်ငန်းဝန်ဆောင်မှုနှင့် ဆွဲဆောင်မှုအသစ်များ ဖော်ထုတ်ရန်။ (ကာလလတ်ဦးစားပေး)<br>၈.၂ မြန်မာနိုင်ငံတွင် အားကစားခရီးသွားလုပ်ငန်းကို ဈေးကွက်မြှင့်တင်ရန်။ (ကာလလတ်ဦးစားပေး) |
| ၃။ | လူ့စွမ်းအားအရင်းအမြစ်နှင့်နည်းပညာ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများဖွင့်လှစ်ပို့ချခြင်း | ၃.၁ | ဒေသခံများခရီးသွားကဏ္ဍတွင် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းနှင့် ဧည့်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများပေးခြင်း၊ လူ့စွမ်းအားအရင်းအမြစ် တိုးတက်စေရေး အတွက် သင်တန်းကျောင်းဆောက်လုပ်ပေးခြင်းနှင့် လူထုအခြေပြုခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းများ ပေးခြင်း၊ ဧည့်လမ်းညွှန်သင်တန်းများနှင့် ဘာသာစကားသင်တန်းများဖွင့်လှစ်ပေးခြင်း၊ခရီးစဉ်ဒေသ ဈေးကွက်ရှာဖွေရေးသင်တန်းများ ပြုလုပ်ပေးခြင်း၊<br>**MTSRR တွင် ပါဝင်သည့် ဆောင်ရွက်ချက်များ**<br>၅.၁ COVID 19 ကပ်ရောဂါအတွက် ဧည့်ဝန်ဆောင်မှုလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းများမှ ဝန်ထမ်းများကို အသင့်ပြင် ထားနိုင်ရေးသင်တန်းများပေးရန်။(လတ်တလောဦးစားပေး)<br>၅.၂ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနဝန်ထမ်းများ၏ လုပ်ငန်း စွမ်းဆောင်ရည် တိုးတက်ဖွံ့ဖြိုးစေရေးသင်တန်းများပေးရန်။ (လတ်တလောဦးစားပေး) |

| | | | |
|---|---|---|---|
| | | | ၅.၃ ဧည့်ခံကျွေးမွေးခြင်းလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများအတွက် အင်တာနက်မှ တစ်ဆင့် လေ့လာသင်ယူနိုင်မည့် အခွင့်အလမ်းများဖန်တီး ဖော်ဆောင်ပေးရန်။ (လတ်တလောဦးစားပေး)<br>၅.၄ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေသော အခြေခံအလုပ်သမားများကို အခြေအနေသစ်နှင့် ကိုက်ညီလုပ်ကိုင်နိုင်စေရေး သင်တန်းများပေးရန်။ (လတ်တလောဦးစားပေး)<br>၅.၅ DMOsများအတွက် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းများ ဖော်ထုတ်ပို့ချရန်၊ (လတ်တလောဦးစားပေး) |
| | | ၃.၂ | ခရီးစဉ်ဒေသများတွင် အသိပညာပေး ဆိုင်းဘုတ်များ၊ ခရီးသွားလုပ်ငန်းများတွင် ကလေးသူငယ် အသုံးချမှု မရှိစေရန် (Child Safe Tourism Awareness) အသိပညာပေးဟောပြောခြင်းများ ကျင်းပခြင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အစီအမံများအတွက် အသိပညာပေးခြင်းနှင့် ထိန်းသိမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း၊ ကျေးရွာနေအိမ်များတွင် ခရီးသွားဧည့်သည်များ တည်းခိုခြင်းဆိုင်ရာ စံနှုန်းများ သတ်မှတ်ပေးခြင်းနှင့် စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်နိုင်ရန် ဆောင်ရွက်ပေးခြင်း၊<br>**MTSRR တွင် ပါဝင်သည့် ဆောင်ရွက်ချက်များ**<br>၅.၅ DMOs များအတွက် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းများ ဖော်ထုတ်ပို့ချရန်၊ (လတ်တလောဦးစားပေး) |
| | | ၃.၃ | ဒေသနှင့်ကိုက်ညီသော စိုက်ပျိုးရေးစနစ် ဖော်ဆောင်ပေးခြင်းနှင့် စိုက်ပျိုးရေးနည်းပညာ သင်တန်းများပေးခြင်း၊ လက်မှုသင်တန်းများပေးခြင်း၊ ဒေသထွက်ကုန်ပစ္စည်းများအား ကုန်ချော အဆင့်ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာ သင်တန်းများပေးခြင်းနှင့်ကုန်စည်ပြပွဲများ ကျင်းပပေးခြင်း၊ ခရီးစဉ်ဒေသအလိုက် ရိုးရာပစ္စည်းများ ထိန်းသိမ်းရေး သင်တန်းများပေးခြင်း၊ ရိုးရာလက်မှုလုပ်ငန်းများနှင့် ရိုးရာအစားအစာများ ဖော်ထုတ်ခြင်း၊ သင်တန်းများပေးခြင်းနှင့် ပြိုင်ပွဲ၊ ပြပွဲများကျင်းပပေးခြင်း၊<br>**MTSRR တွင် ပါဝင်သည့် ဆောင်ရွက်ချက်များ**<br>၅.၂ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်ဖွံ့ဖြိုးစေရေးသင်တန်းများပေးရန်။ (လတ်တလောဦးစားပေး)<br>၅.၄ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေသော အခြေခံအလုပ်သမားများကို |

| | | | |
|---|---|---|---|
| | | | အခြေအနေသစ်နှင့် ကိုက်ညီ လုပ်ကိုင်နိုင်စေရေး သင်တန်းများပေးရန်။ (လတ်တလောဦးစားပေး)<br>၅.၅ DMOs များအတွက် လုပ်ငန်း စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းများဖော်ထုတ်ပို့ချရန်။ (လတ်တလောဦးစားပေး) |
| ၄။ | ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းတွင် ပါဝင်ပတ်သက်သူများ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း | ၄.၁ | ခရီးစဉ်ဒေသအတွင်းရှိ အစိုးရ၊ လုပ်ငန်းရှင်များနှင့် ဒေသခံလူမှုအဖွဲ့အစည်းများပါဝင်သော ခရီးသွားလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲများကို တစ်နှစ်လျှင် တစ်ကြိမ် ကျင်းပပေးခြင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျေးရွာများတွင် ခရီးသွားလုပ်ငန်း အသိပညာပေးခြင်းများ ဆောင်ရွက်ခြင်း၊ အခြားသော ခရီးစဉ်ဒေသများရှိ စီမံခန့်ခွဲမှု အဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း၊<br>**MTSRR တွင် ပါဝင်သည့် ဆောင်ရွက်ချက်များ**<br>၂.၃ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေသော အခြေခံအလုပ်သမားများကို အကူအညီပေးရန်၊ (ဥပမာ- ခေါင်းရွက်ဗျက်ထိုးဈေးသည်၊ ဆိုက်ကားသမားများ၊ မြင်းလှည်းသမားများ) (လတ်တလောဦးစားပေး)<br>၂.၅ ကုမ္ပဏီအချင်းချင်းပေါင်းစည်းခြင်းဖြင့်လည်းကောင်း၊ ပြန်လည်အသစ်ဖွဲ့စည်း ဆောင်ရွက်ခြင်းအားဖြင့်လည်းကောင်း အခွင့်အလမ်းများရှာဖွေရန်၊(လတ်တလောဦးစားပေး)<br>၁၁.၁ DMO ဖွဲ့စည်းတည်ထောင်ရာတွင် မြို့နယ်၊ ခရိုင်အဆင့်များမှ အားလုံးပါဝင် ဆောင်ရွက်မှု ရရှိစေရေးတိုးမြှင့်ဆောင်ရွက်ရန်(ကာလလတ်ဦးစားပေး)<br>၁၇.၃ ခရီးသွားလုပ်ငန်းဆောင်ရွက်ရန် အလားအလာရှိသော စိုက်ပျိုးရေးဒေသများကို စိုက်ပျိုးရေး အခြေခံခရီးသွားလုပ်ငန်း ဗဟိုချက်ဖြစ်လာစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန နှင့်ပူးပေါင်းဆောင်ရွက်ရန်၊(ကာလရှည်ဦးစားပေး) |
| ၅။ | ခရီးသွားလုပ်ငန်းဆိုင်ရာစာရင်းအချက်အလက်များစနစ်တကျကောက်ယူခြင်း | ၅.၁ | ခရီးစဉ်ဒေသတွင်းသို့လာရောက်သည့် ခရီးသွား ဧည့်သည်များ၏ အရေအတွက်၊ ငွေကြေးသုံးစွဲမှု၊ ကြိုက်နှစ်သက်မှုစသည့်အချက်အလက်များအား စနစ်တကျစစ်တမ်းကောက်ယူခြင်း၊<br>**MTSRR တွင် ပါဝင်သည့် ဆောင်ရွက်ချက်များ**<br>၁၂.၁ သတင်းအချက်အလက်များ ကောက်ခံခြင်းနှင့် စုဆောင်းခြင်းကိစ္စများအတွက် ခရီးသွားလုပ်ငန်းတွင် ပါဝင်သူများနှင့် ဒစ်ဂျစ်တယ်နည်းပညာ ကျွမ်းကျင်သူများကိုဆက်သွယ်ပေးရန်။ (ကာလရှည်ဦးစားပေး) |

| | | | |
|---|---|---|---|
| | | | ၁၂.၃ သတင်းအချက်အလက်အများအပြားရယူဆောင်ရွက်နိုင်စွမ်းရှိသောစနစ်တည်ဆောက်ရန်၊ (ကာလရှည်ဦးစားပေး)<br>၁၂.၅ နိုင်ငံတော်အဆင့် ခရီးသွားလုပ်ငန်းဆိုင်ရာ သုတေသနနှင့် သတင်းအချက်အလက်စင်တာ ထူထောင်ရန်၊(ကာလရှည်ဦးစားပေး)<br>၁၆.၄ ခရီးသွားလုပ်ငန်း သတင်းအချက်အလက်စာရင်းအင်းစနစ်ဖြစ်ပေါ်လာရေး ဦးတည်ဆောင်ရွက်ရန်၊ (ကာလရှည်ဦးစားပေး) |
| | | ၅.၂ | ခရီးသွားလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များကောက်ယူရန် Digital Software တစ်ခု ဖန်တီးခြင်း၊ Digital Software အသုံးပြုမှုနှင့် ၎င်း၏အကျိုးကျေးဇူးများ မိတ်ဆက်ခြင်း အစီအစဉ်တစ်ခု ရေးဆွဲခြင်း၊ Software အား ပြုပြင်ထိန်းသိမ်းခြင်းနှင့် စောင့်ကြည့်အကဲဖြတ်ခြင်း၊ သတင်းအချက်အလက်များ အစီရင်ခံခြင်း၊<br>**MTSRR တွင် ပါဝင်သည့် ဆောင်ရွက်ချက်များ**<br>၁.၂ ခရီးစဉ်ဒေသများ၌ တည်းခိုနေထိုင်ရေး၊ လှည့်လည်သွားလာရေးနှင့် အခြားဝန်ဆောင် ပေးမှုဆိုင်ရာ ကြိုတင်မှုကြားခြင်း စသည်တို့ကို အွန်လိုင်း (online) မှ လုပ်ကိုင် ဆောင်ရွက်နိုင်ရန်အတွက် MSMEs များကို အကူ အညီပေးရန်။ (လတ်တလောဦးစားပေး)<br>၁.၃ Google နှင့် Apple အပလီကေးရှင်းများ အသုံးပြု၍ COVID 19 ရောဂါကူးစက်ခြင်း ခြေရာခံစနစ်ကိုအသုံးပြုရန်။(လတ်တလောဦးစားပေး)<br>၁.၄ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် ခရီးသွားခြင်းများနှင့်ပတ်သက်သော နောက်ဆုံးရ သတင်းအချက်အလက်များကို အများပြည်သူသိရှိစေရေး ထုတ်ပြန်နိုင်ရန်အတွက် သတင်းအချက်အလက်များ ကောက်ယူခြင်းစနစ် ပိုမိုတိုးတက်ကောင်းမွန်စေရေးဆောင်ရွက်ရန်။(လတ်တလောဦးစားပေး) |
| ၆။ | ဒေသတွင်းခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ပုံငွေ တည်ထောင်ခြင်း | ၆.၁ | ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ် သည့် ငွေကြေးအကူအညီများထောက်ပံ့ ပေးနိုင် ရန် ရန်ပုံငွေ တစ်ခုတည်ထောင်ခြင်း၊<br>**MTSRR တွင် ပါဝင်သည့် ဆောင်ရွက်ချက်များ**<br>၉.၅ ခရီးသွားလုပ်ငန်းဗဟိုပြု ငွေကြေးအရင်းအမြစ်အဖွဲ့အစည်းတစ်ခုထူထောင်ရန်။ (ကာလလတ်ဦးစားပေး) |


| | | | |
|---|---|---|---|
| | | ၆.၂ | ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်စောင့်ရှောက်ခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေ တစ်ခုတည်ဆောက်ခြင်း၊<br>**MTSRR တွင် ပါဝင်သည့် ဆောင်ရွက်ချက်များ**<br>၉.၅ ခရီးသွားလုပ်ငန်းဗဟိုပြု ငွေကြေးအရင်းအမြစ်အဖွဲ့အစည်းတစ်ခုထူထောင်ရန်။ (ကာလလတ်ဦးစားပေး) |
| ၇။ | ဈေးကွက်ရှာဖွေခြင်းနှင့်ဈေးကွက်မြှင့်တင်ခြင်းများဆောင်ရွက်ခြင်း | ၇.၁ | ပြည်တွင်းခရီးသွားကုမ္ပဏီများဖိတ်ခေါ်၍ ချစ်ကြည် ရင်းနှီးမှုခရီးစဉ် (FAM Trip) လုပ်ဆောင်ခြင်း၊ အပျော်စီး စက်ဘီးနှင့် ကားမောင်း ခရီးစဉ်များဆောင်ရွက်ပေးခြင်း၊<br>**MTSRR တွင် ပါဝင်သည့် ဆောင်ရွက်ချက်များ**<br>၃.၃ ပြည်တွင်းခရီးသွားများ၏ လိုအပ် ချက်များအပေါ် အခြေခံ၍ ပြည်တွင်းခရီးစဉ်ဒေသများနှင့် ဆွဲဆောင်မှုများမြှင့်တင် ဆောင်ရွက်ပေးရန်၊ (လတ်တလောဦးစားပေး)<br>၇.၂ လူထုဆက်သွယ်ရေး လုပ်ဆောင်ချက်များဖြင့် မြန်မာနိုင်ငံကို (COVID 19) ကပ်ရောဂါနှင့် ပဋိပက္ခများမှ) ဘေးကင်း လုံခြုံပြီး ဆွဲဆောင်မှုရှိသည့် ခရီးစဉ်ဒေသအဖြစ် ဈေးကွက်မြှင့်တင် ဆောင်ရွက်ရန်၊ (ကာလလတ်ဦးစားပေး)<br>၇.၅ မြန်မာ့ခရီးသွားနှစ် သတ်မှတ်ရန်အတွက် အစီအစဉ်ရေးဆွဲရန်၊ (ကာလလတ်ဦးစားပေး)<br>၈.၂ မြန်မာနိုင်ငံတွင် အားကစားခရီးသွား လုပ်ငန်းကိုဈေးကွက်မြှင့်တင်ရန်၊ (ကာလလတ်ဦးစားပေး)<br>၈.၃ ပတ်ဝန်းကျင်နိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ခရီးစဉ်ဒေသများအား ဖော်ထုတ်၍ ခရီးသွားမြှင့်တင်ရန်၊ (ကာလလတ်ဦးစားပေး)<br>၁၃.၁ ဈေးကွက်ရှာဖွေခြင်းနှင့် အရောင်းမြှင့်တင်ခြင်းများ ပူးပေါင်းဆောင်ရွက်ရန်အတွက် လွတ်လပ်သောအဖွဲ့အစည်းတစ် ခုဖွဲ့စည်းရန်၊ (ကာလရှည်ဦးစားပေး)<br>၁၅.၇ မီးရထားလမ်းများကို မွမ်းမံပြုပြင်ရန်နှင့် သမိုင်းအမွေအနှစ်ဝင် မီးရထားခရီးစဉ်များ ဖော်ဆောင်ရန်၊(ကာလရှည်ဦးစားပေး) |
| | | ၇.၂ | ခရီးစဉ်ဒေသဆိုင်ရာWebsite ပြုလုပ်ခြင်း၊ ဓာတ်ပုံပြပွဲနှင့်ဒေသထုတ်ကုန်ပြပွဲများ ကျင်းပပေးခြင်း၊ ခရီးစဉ်လမ်းညွှန်စာအုပ်နှင့် လက်ကမ်းစာစောင်များ ထုတ်ဝေခြင်း၊ ခရီးစဉ်ဒေသနှင့်ဆိုင်သော ရုပ်သံအစီအစဉ်များ ရိုက်ကူး၍ ပြည်တွင်း/ပြည်ပ ရုပ်သံလိုင်း များတွင်ပြသခြင်း၊ Digital Marketing အကောင် |

| | | | |
|---|---|---|---|
| | | | အထည်ဖော်ဆောင်ရွက်ခြင်း၊<br><br>**MTSRR တွင် ပါဝင်သည့် ဆောင်ရွက်ချက်များ**<br>၇.၁ ဦးတည်ရောင်းချမည့် ရွေးချယ်ထားသည့် ရည်မှန်းဈေးကွက်တွင် မြန်မာနိုင်ငံအမှတ် တံဆိပ်ကို စွဲမြဲသိရှိစေရေးသင့်လျော်သော ဒစ်ဂျစ်တယ်နည်းပညာ ဆက်သွယ်ရေး လမ်း ကြောင်းများ အသုံးပြု၍ ဆောင်ရွက်သွား ရန်။ (ကာလလတ်ဦးစားပေး)<br>၇.၃ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်စေ ရေး ခရီးစဉ်ဒေသများကို Virtual Reality နည်းပညာဖြင့် ဖန်တီးထားသော (Virtual Tours) ဖြင့် ဆွဲဆောင်ရန်။(ကာလလတ်ဦးစားပး)<br>၇.၄ မြန်မာနိုင်ငံသည် ဆွဲဆောင်မှုရှိသော ခရီးစဉ်ဒေသတစ်ခုဖြစ်ကြောင်း ပေါ်လွင်စေမည့် ဗီဒီယိုနှင့် ရုပ်ရှင်ရိုက်ကူး၍ ဈေးကွက်မြှင့်တင်ရန်။(ကာလလတ်ဦးစားပေး) |
| | | ၇.၃ | COVID-19 သက်ရောက်ခဲ့သည့် ခရီးစဉ်နေရာ များကို ခရီးသွားများ၏ယုံကြည်မှုပြန်လည် ရရှိစေရန်နှင့် အသွင် အမြင်သစ်ဖြစ်စေရန် Tour Package အသစ်များ ဖော် ဆောင်ခြင်း၊ Marketing Campaign များ ပြုလုပ်ခြင်း Social Influencer များကို ဖိတ်ခေါ်လည်ပတ်စေခြင်းဖြင့်ဈေးကွက်တွင် ယုံကြည်မှု ပြန်လည် တည်ဆောက်ခြင်း၊<br>**MTSRR တွင် ပါဝင်သည့် ဆောင်ရွက်ချက်များ**<br>၁.၁ ဧည့်ဝန်ဆောင်မှုလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းများအနေဖြင့် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး ဆိုင်ရာ လမ်းညွှန်ချက်များကို လိုက်နာအကောင်အထည်ဖော်ရန်။ (လတ်တလောဦးစားပေး)<br>၁.၄ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် ခရီးသွားခြင်းများနှင့်ပတ်သက်သော နောက်ဆုံးရသတင်း အချက်အလက်များကို အများပြည်သူသိရှိစေရေး ထုတ်ပြန်နိုင်ရန်အတွက် သတင်းအချက်အလက်များ ကောက်ယူခြင်းစနစ် ပိုမိုတိုးတက်ကောင်းမွန်စေရေး ဆောင် ရွက်ရန်။(လတ်တလောဦးစားပေး) |
| ၈။ | ရေရှည်တည်တံ့ခိုင်မြဲသောခရီးစဉ်ဒေသ ဖြစ်အောင်ဆောင်ရွက်ခြင်း | ၈.၁ | ခရီးစဉ်ဒေသအတွင်း စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ရှေးဟောင်းအမွေအနှစ်များကို ထိခိုက်စေနိုင်သော ဆိုးကျိုးများကိုဆန်းစစ်၍ လျှော့ချနိုင်မည့် နည်းလမ်းများ ရှာဖွေဖော်ထုတ်ခြင်း၊ ပလက်စတစ်ဘူးများ လျှော့ချခြင်း၊ Green Technology များ အသုံးပြုခြင်းဖြင့် Green Tourism ဆောင်ရွက်နိုင်ခြင်း၊<br>**MTSRR တွင် ပါဝင်သည့် ဆောင်ရွက်ချက်များ** |

| | | | |
|---|---|---|---|
| | | | ၈.၅ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ထားသောဒေသများတွင်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးကို ဆောင်ရွက်ရာ၌ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး စနစ်တကျအကောင်အထည်ဖော်ရန်၊ (ကာလလတ်ဦးစားပေး)<br>၁၇.၁ ကျေးလက်ဒေသ၊ လယ်ယာစိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ကာကွယ် ထိန်းသိမ်းထားသောဒေသများတွင် ဒေသခံများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်သော ခရီးသွားလုပ်ငန်းထွန်းကားစေရေး ရင်းနှီးမြှုပ်နှံရန်နှင့် တွန်းအားပေးဆောင်ရွက်ရန်၊ (ကာလရှည်ဦးစားပေး)<br>၁၇.၂ အသစ်ထွက်ပေါ်လာသော လူထုအခြေပြုခရီးစဉ်ဒေသများတွင် ရေရှည် တည်တံ့သောလုပ်ငန်းလည်ပတ်မှုဖြစ်ပေါ်စေရန် ဘဏ္ဍာရေးအထောက်အပံ့နှင့် ဟန်ချက်ညီစေရေးအတွက် ဒေသဆိုင်ရာ အစိုးရများနှင့်အတူတကွပူးပေါင်းဆောင်ရွက်ရန်၊ (ကာလရှည်ဦးစားပေး)<br>၁၈.၅ ခရီးသွားအရင်းအမြစ်များ တိုးတက်များပြားလာစေရန်အတွက် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရေး ခရီးသွားလုပ်ငန်းဆိုင်ရာ ဦးဆောင်အဖွဲ့တည်ထောင်ရန်။ (ကာလရှည်ဦးစားပေး) |

**မဟာဗျူဟာ - (၈) ရပ်**
**လုပ်ငန်းစဉ် - (၉) + (၂) + (၃) + (၁) + (၂) + (၂) + (၃) + (၁) = (၂၃) ခု**

# ချင်းပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (၂၀၂၁-၂၀၂၆) ရေးဆွဲခြင်း



# Digital Marketing and Promotion ဆောင်ရွက်ခြင်း

## Chin Tourism Website ပြုလုပ်ခြင်း နှင့် မှီငြမ်းရန် စာအုပ်များ ကြည့်ရှုနိုင်ခြင်း


- ချင်းပြည်နယ် ခရီးသွားလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များအား ပြည်တွင်း / ပြည်ပ ခရီးသွားများထံ ပိုမိုဖြန့်ဝေနိုင်ရေးအတွက် www.chintravel.com.mm အမည် ဖြင့် **Chin Tourism Website နှင့် Chin Tourism Facebook page**ကို ပြုလုပ် ပြီးစီးခဲ့ပြီး ဖြစ်ပါသည်။








https://chintravel.com.mm/download/books/





# လမ်းညွှန်မှုကို နာခံပါမည်။